UNDP

Empowered lives.
Resilient nations.

WFP

wfp.org

၂၀၁၅ ခုနှစ် မတ်လ (၁၃) ရက်

**ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် အုပ်ချုပ်ရေးမှူး မစ္စဟယ်လင်ကလာ့ခ်**
**နှင့်**
**ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ဒါရိုက်တာ မစ္စအာ့သ်ရင်းကာဇန်တို့က**
**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးခြင်း။**

ရန်ကုန် - ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme) အုပ်ချုပ်ရေးမှူး မစ္စဟယ်လင်ကလာ့ခ်နှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) အမှုဆောင်ဒါရိုက်တာ မစ္စအာ့သ်ရင်းကာဇန်တို့၏ (၂) ရက်တာ လာရောက်ခဲ့သည့် မြန်မာနိုင်ငံခရီးစဉ်အတွင်း အစိုးရတာဝန်ရှိသူများနှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့ကြပြီး ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့လည်း သွားရောက်ခဲ့ကြပါသည်။

အမှန်တကယ်လိုအပ်နေသူများထံ လူသားချင်းစာနာ ထောက်ထားမှု အထောက်အပံ့များ တိကျသေချာစွာ ရောက်ရှိစေရေးနှင့် အားလုံးတပြေးညီ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် မြင့်မားသောလူနေမှုအဆင့်အတန်း ဖြစ်ပေါ်စေမည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေရန် လုံလောက်သည့်ပံ့ပိုးမှုရှိရန် အရေးကြီးပုံကို မစ္စဟယ်လင်ကလာ့ခ်နှင့် မစ္စအာ့သ်ရင်းကာဇန်တို့က အလေးထားပြောကြားခဲ့ကြပါသည်။

မစ္စဟယ်လင်ကလာ့ခ်က ပြောကြားရာတွင် "မြန်မာနိုင်ငံဟာ ရှုပ်ထွေးတဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စီးပွါးရေးအသွင်ကူးပြောင်းမှုအမျိုးမျိုးနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုများကြား ရောက်ရှိနေတာဖြစ်ပါတယ်။ စိန်ခေါ်မှုများစွာ ရှိတဲ့အလျောက် မြန်မာနိုင်ငံမှာ ယခုနှစ်များအတွင်း တိုးတက်မှုနှင့် အဟန့်အတားတွေကို ရင်ဆိုင်ခဲ့ရပြီးဖြစ်ပါတယ်။ အုပ်ချုပ်ရေးအားကောင်းလာစေဖို့ ဆောင်ရွက်မှုတွေနဲ့ မြန်မာနိုင်ငံသားအားလုံးအတွက် အဆင့်မြင့်လူမှုဘဝရရှိရေး ပံ့ပိုးပေးရာမှာ အခွင့်အရေးအခြေပြု နည်းလမ်းများ (rights-based approaches) နဲ့ လုပ်ငန်းလုပ်ဆောင်သွားဖို့ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်က ကတိပြုထားတာဖြစ်ပါတယ်"။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အမှုဆောင်ဒါရိုက်တာ မစ္စအာ့သ်ရင်းကာဇန်က စားနပ်ရိက္ခာမဖူလုံမှု ကိစ္စရပ်များနှင့် ပတ်သက်၍ ပြောကြားခဲ့ရာတွင် "ဖွံ့ဖြိုးတိုးတက်မှုဆီ အရောက်လှမ်းရာမှာ **စားနပ်ရိက္ခာအခက်အခဲ လုံးဝပပျောက်ရေး** ရည်မှန်းချက် (**Zero Hunger Challenge**) ကို ပြည့်မှီအောင် ဆောင်ရွက်ခြင်းကတဆင့် သွားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးပန်းတိုင်ဖြစ်တဲ့ **၂၀၃၀ ပြည့်နှစ်မတိုင်မီ အလယ်အလတ်တန်းစား ဝင်ငွေရှိနိုင်ငံအဖြစ် ရောက်ရှိရေး** (Middle Income Country) အတွက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပံ့ပိုးပေးရာမှာ မြန်မာနိုင်ငံအစိုးရနဲ့ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်အစပြုတဲ့ မိတ်ဖက်အဖွဲ့အစည်းများနဲ့ လက်တွဲ လုပ်ဆောင်သွားဖို့ ကတိပြုထားပါတယ်။ ပန်းတိုင်မရောက်မီ ကြိုတင်ဖြည့်ဆည်းရမဲ့ အရေးကြီးလိုအပ်ချက်တရပ်ကတော့ ငါးနှစ်အောက်ကလေး သုံးဦးအနက် တဦးမှာ ဖြစ်ပေါ်နေတဲ့ ရေရှည်အဟာရချို့တဲ့မှု ပြဿနာကို အောင်အောင်မြင်မြင် ဖြေရှင်းနိုင်ရေးပဲဖြစ်ပါတယ်။ **စားနပ်ရိက္ခာအခက်အခဲ လုံးဝပပျောက်ရေး** ရည်မှန်းချက်နဲ့ ၂၀၂၅ ခုနှစ်မတိုင်မီ

ယင်းရည်မှန်းချက် ပြည့်မီစေရေး မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်ရန် သဘောတူလိုက်ခြင်းအပေါ် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ချီးကျူးဂုဏ်ပြုပါတယ်။”

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် အုပ်ချုပ်ရေးမှူးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ဒါရိုက်တာတို့သည် လူမှုအဖွဲ့အစည်းကြားဖြစ်ပေါ်သည့် ပဋိပက္ခကြောင့် ပြည်တွင်းအိုးအိမ်စွန့်ခွာရခြင်းများဖြစ်ပေါ်ခဲ့ပြီး လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ အရေးတကြီး လိုအပ်လျက်ရှိသော ရခိုင်ပြည်နယ်သို့ မတ်လ (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့က သွားရောက်ခဲ့ကြပါသည်။

မစ္စဟယ်လင်ကလာ့ခ်နှင့် မစ္စအာ့သ်ရင်းကာဇန်တို့သည် ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တွေ့ဆုံခဲ့ပြီး ပြည်နယ်၏ လက်ရှိအခြေအနေ၊ ရခိုင်ပြည်နယ်ရှိ အစိုးရ၏ လုပ်ငန်းအစီအစဉ်များ အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ဆက်လက်ပံ့ပိုးပေးရေးနှင့် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်မှုအကူအညီများကို တိုးချဲ့ထောက်ပံ့ရေးအတွက် ဦးစားပေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် အုပ်ချုပ်ရေးမှူးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ဒါရိုက်တာတို့သည် သက်ကယ်ပြင်ကျေးရွာရှိ အိုးအိမ်စွန့်ခွာရွှေ့ပြောင်းရသူများ ထောက်ပံ့ရေးစခန်း၌ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က လစဉ် စားနပ်ရိက္ခာဖြန့်ဝေပေးနေမှုနှင့် အုန်းရေပေါ်ကျေးရွာတွင် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်က ဆောက်လုပ်ပေးလျက်ရှိသော ရခိုင်ပြည်နယ်မြို့တော်နှင့် ကျေးရွာများအကြား ဆက်သွယ်ပေးမည့်တံတားကို သွားရောက် လေ့လာခဲ့ပါသည်။ အဆိုပါတံတားကိုဆောက်လုပ်ပေးခြင်းဖြင့် ကျောင်း/ဆေးရုံ/ဆေးပေးခန်းစသည့် ဝန်ဆောင်မှုဌာနများ နှင့် ဈေးများသို့ ဒေသခံလူထု အလွယ်တကူ သွားရောက်နိုင်မည် ဖြစ်ပါသည်။

မတ်လ (၁၂) ရက်၊ ကြာသပတေးနေ့တွင် မစ္စဟယ်လင်ကလာ့ခ်နှင့် မစ္စအာ့သ်ရင်းကာဇန်တို့သည် နေပြည်တော်၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ လွှတ်တော်အမတ် ဒေါ်အောင်ဆန်းစုကြည်၊ အခြား အစိုးရတာဝန်ရှိသူများအပါအဝင် ထိပ်တန်းခေါင်းဆောင်များနှင့် အစည်းအဝေးများကို ကျင်းပခဲ့ကြပါသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်က ရခိုင်ပြည်နယ်တွင် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်စေရန်နှင့် လူ့အဖွဲ့အစည်းကြား စည်းလုံးညီညွတ်မှုရှိလာစေရန် ကျေးရွာ (၃၆) ရွာရှိ ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးမှုအကူအညီများကို ပံ့ပိုးပေးလျက်ရှိပါသည်။ တချိန်တည်းမှာပင် ပြည်သူ့ဝန်ထမ်းများအတွက် ပြည်သူ့ စီမံခန့်ခွဲမှုပညာ နှင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ စွမ်းဆောင်ရည် မြင့်မားလာစေရေးကိုလည်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က ဆောင်ရွက်လျက်ရှိပါသည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်သည် ကမ္ဘာ့အကြီးဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ ဖြစ်သည့်အလျောက် ရခိုင်ပြည်နယ်ရှိ ပြည်တွင်း အိုးအိမ်စွန့်ခွာရွှေ့ပြောင်းရသူ ၁၂၈၀၀၀ ကျော် အတွက် ကယ်ဆယ်ရေး စားနပ်ရိက္ခာ အထောက်အပံ့များကို ၂၀၁၂ ခုနှစ်မှ စတင်ကာ ပံ့ပိုးပေးလျက်ရှိသည့်အပြင် အဟာရပြည့်ဝစေရန် ဆောင်ရွက်ခြင်း၊ ရပ်ရွာပိုင်အရင်းအနှီး ရင်းမြစ်များဖန်တီးပေးခြင်းနှင့် မူလတန်းကလေးများအား အဟာရတိုက်ကျွေးခြင်း စသည့် လုပ်ငန်းများမှတဆင့် စားနပ်ရိက္ခာဖူလုံမှုမရှိသည့် ထိခိုက်နစ်နာခံစားရမှု အလွယ်ဆုံးသော လူထုအတွက် စားနပ်ရိက္ခာအထောက်အပံ့များကို ပံ့ပိုးပေးလျက် ရှိပါသည်။

Empowered lives.
Resilient nations.

wfp.org

မစ္စဟယ်လင်ကလာ့ခ်က ယခုနှစ်ကုန်ပိုင်းတွင် ပြုလုပ်ရန် စီစဉ်ထားသော အရေးကြီးသည့် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ အလေးပေးပြောကြားခဲ့ပါသည်။ ထိုသို့ပြောကြားရာတွင် -
"ရွေးကောက်ပွဲများကြောင့် မြန်မာပြည်သူတွေအတွက် သူတို့ရဲ့ အုပ်ချုပ်သူကို ရွေးချယ်နိုင်ဖို့ အခွင့်အရေးရရှိစေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဖြစ်စဉ်တွေကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်က တက်တက်ကြွကြွ ပံ့ပိုးသွားမှာဖြစ်ပါတယ်။"

မြန်မာနိုင်ငံရှိ စားနပ်ရိက္ခာ မဖူလုံမှု၏ အခြေခံအကြောင်းရင်းများကို ဖြေရှင်းရာတွင် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ဆက်လက်ပူးပေါင်းပါဝင်သွားမည်ဖြစ်ပြီး အထူးသဖြင့် လိုအပ်ချက် အမြင့်ဆုံးဖြစ်သည့် မိုးရာသီ၌ မြန်မာနိုင်ငံရှိ ထိခိုက်နစ်နာခံစားရမှု အလွယ်ဆုံးသော လူထုအတွက် စားနပ်ရိက္ခာအထောက်အပံ့များကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ မစ္စအာ့သ်ရင်းကာဇန်က ပြောကြားခဲ့ရာတွင် "ကမ္ဘာတဝှမ်းမှာ လူသားချင်းစာနာမှု အထောက်အပံ့ လိုအပ်ချက်တွေ မြင့်တက်လာတဲ့အလျောက် ရံပုံငွေခွဲဝေရရှိမှု လျော့နည်းလာမှုကြောင့် မေလမှာအစပြုမဲ့ မိုးရာသီအတွင်း ကျွန်မတို့ရဲ့ လုပ်ငန်း စွမ်းဆောင်ရည်နဲ့ လိုအပ်ချက်ဖြည့်ဆည်းနိုင်မှုစွမ်းရည်တွေ လျော့ကျသွားမှာကို စိုးရိမ်မကင်းဖြစ်မိပါတယ်"။

**သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက ဆက်သွယ်ရန် -**


- Shobhna Decloitre၊ Communications Specialist၊
  ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် မြန်မာ (UNDP Myanmar)
  Shobhna.decloitre@undp.org / ဖုန်း - +၉၅ (၀) ၉ ၂၅၀၃ ၄၅ ၁၅၈

- Christina LoNigro၊
  ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် နယူးယော့ခ် (UNDP New York)
  Christina.lonigro@undp.org / ဖုန်း - +၉၅ (၀) ၁ ၂၁၂ ၉၀၆ ၅၃၀၀

- Ayuka Ibe၊ Head of Partnerships, Communications & Reports၊
  ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် မြန်မာ (WFP Myanmar)
  Ayuka.ibe@wfp.org / ဖုန်း - +၉၅ (၀) ၁ ၂၃၀ ၅၉၇၁ ~ ၆ (လိုင်းခွဲ- 2403)

- Silke Buhr၊၊ WFP Regional Communications Officer for Asia
  silke.buhr@wfp.org / ဖုန်း - +၆၆ ၈၁ ၇၀၁ ၉၂၀၈